# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၄၉)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် ၊ ၁၄-၈-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


ယူအီးအက်ဖ်အေစူပါဖလား ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

— — —

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဂူနီဘုရားတည်ဆောက်မှု ဗိသုကာပညာရပ်နှင့် လိုဏ်အတွင်း အလင်းဝင်ပေါက်စနစ်၊ လေဝင်၊ လေထွက် တည်ဆောက်မှုစနစ်တို့ကို လေ့လာနိုင်

စာမျက်နှာ ၁၂

— — —

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန်(ဆောင်းပါး)

စာမျက်နှာ ၁၄


## ကျောက်ဆည်မြို့နယ် ရဲကြီးကျေးရွာ၌ စိုက်ပျိုးထားသော ငှက်ပျောသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ရဲကြီးကျေးရွာ တောင်သူ ဦးဝင်းစိုး စိုက်ပျိုးထားသည့် ငှက်ပျောသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ငှက်ပျောစိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ ငှက်ပျောသီးနှံသည် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပြီး အလုပ်သမားအခက်အခဲမရှိသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ သွင်းအားစုများ ထည့်သွင်းရာတွင်လည်း မြင့်မားမှုမရှိကြောင်း၊ ရောင်းချရာ၌ ငွေအလုံးအရင်းရသည့်အတွက် ရေမြေကောင်းပြီး ယာမြေပိုင်ဆိုင်သည့် တောင်သူများအနေဖြင့် ငှက်ပျောသီးနှံများ စိုက်ပျိုးကြကြောင်း တောင်သူ ဦးဝင်းစိုးက ပြောပြသည်။

ငှက်ပျောခိုင်များ ရောင်းချရာ၌ ပွဲစားများမှ ငှက်ပျောစိုက်ခင်းအား ကြည့်ရှု၍ စိုက်ခင်းအပြတ် စာချုပ်ချုပ်ကာ ဝယ်ယူပြီး ငှက်ပျောခိုင်များ အသီးရင့်ချိန်တွင် လာရောက်ခုတ်ယူကြကြောင်း၊ မြေတစ်ဧက၌ ငှက်ပျောအပင်ရေ ၈၀၀ ပင်ခန့် စိုက်ပျိုးနိုင်ပြီး ရောင်းချရာ၌ ငွေအလုံးအရင်းရရှိပြီး အောင်မြင်ဖြစ်ထွန်းပါက အကျိုးအမြတ်များများရရှိသည့် သီးနှံဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် ငှက်ပျောသီးနှံများကို မြေစိုမိုး၊ ပဲခင်း၊ တောင်တော်၊ ပေါက်ပင်ကွေ့၊ မှိုင်းပန်၊ အရှေ့သာဂရ၊ ကုလားကျောင်း၊ သံရွာ၊ ပုန်းညက်ကျေး၊ လယ်ကြီး၊ ကျားကာ၊ ဟံမြင့်မိုရ်၊ ရဲဘော်ကြီး၊ အနောက်သာဂရ ကျေးရွာများတွင် စိုက်ပျိုးထားကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**

## ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၄င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်များတွင် ပြည်သူများစုဆောင်းထားသော အပ်နှံငွေများကို နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍများသို့ ထိရောက်စွာ စီးဆင်းရောက်ရှိစေရေးသည် ဘဏ်လုပ်ငန်းကဏ္ဍ၏ အရေးကြီးသည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်များအနေဖြင့် Financial Intermediary ဖြစ်ရုံသာမက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် အရေးပါပြီး တန်ဖိုးရှိသည့် မောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၌ ကျင်းပသည့် ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၄င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

စာမျက်နှာ ၅ သို့ ❑



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဇလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့။

မန္တလေး

# လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ

ပေါ်တူဂီနိုင်ငံတွင် ၁၉၉၈ ခုနှစ်က ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံ ဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုပါက ၂၇ နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော လူငယ်များ၏ အရေးပါလှသည့် အခန်းကဏ္ဍနှင့် လူငယ်များ၏ အင်အားနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ရက်မြတ်ပြုကြိုဆိုသည့် နေ့တစ်နေ့ဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ အသိ၊ သဘောထားအမြင်နှင့် အားမာန်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ကြရန် တိုက်တွန်းနှိုးဆော်အားပေးသည့်နေ့အဖြစ်လည်း ဆိုနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲနေပြီး ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်ရိုက်ခတ်မှုများ၊ လူမှုစီးပွားစိန်ခေါ်မှုများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်များကို ကျော်လွန်ပြီး ကမ္ဘာ့လုံးဆိုင်ရာ ဘုံအရေးကိစ္စများအဖြစ်ပေါ်ပေါက်လျက်ရှိသည်။

ယခုကဲ့သို့စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်သည့်အခါတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့် ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲနိုင်မှု အရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများသည် အဓိကမောင်းနှင်အားများအဖြစ် ပါဝင်နေသည်။

အနာဂတ်အတွက်အရေးပါသည့် စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျချဉ်းကပ်ဆောင်ရွက်နိုင်ရေးသည်လည်း အလွန်ပင်အရေးကြီးမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေဆိုင်ရာ အဓိကအချက်အလက်များကို ကောက်နုတ်ဖော်ပြချက်အရ ယနေ့ကမ္ဘာပေါ်တွင် အသက် (၁၅) နှစ်နှင့် (၂၄) နှစ်ကြား လူငယ်လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး အဆိုပါလူငယ်လူဦးရေ၏ ထက်ဝက်ကျော်သည် ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အောက်တွင်ရှိသည့် နိုင်ငံများတွင် နေထိုင်ကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အားဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day - 2026) အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်သည့်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကအခြေခံအုတ်မြစ်များ ဖြစ်ကြသည့် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက် လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေး၊ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု ရှိရန်၊ AIအသုံးပြုမှုကျင့်ဝတ်၊ ဆိုင်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး သတိရှိအလေးထားရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၂ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

### လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးကြီး စိုးရန်နောင် အား ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ ဥမ္မာစံ ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဖီးကြမ်း/တစ်ရှူး ငှက်ပျောပင် (၁၈၇)ပင် စိုက်ပျိုးခြင်း ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ အခြေခံပညာကျောင်းများရှိ မြေလွတ်နေရာများတွင် ၈ပေကွာ တစ်ပင် ဖီးကြမ်း/တစ်ရှူး ငှက်ပျောပင် စုစုပေါင်း(၁၈၇)ပင် စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးခဲ့သည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အ·ထ·က(၁၃)ကျောင်း၊ စိန်ပန်းရပ်ကွက်၊ အ·ထ·က(၂၄)ကျောင်း၊ မဟာမြိုင်(၂)ရပ်ကွက်၊ အ·လ·ကခွဲ(၂)ကျောင်း၊ သံလျက်မော်အနောက်ရပ်ကွက်၊ အ·လ·ကခွဲ(၃၃)ကျောင်းများတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်း၊ မြို့နယ်ပညာရေးမှူးဒေါ်စိုးစိုးနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရလိုအပ်ချက်ကို ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် " ကလေးများ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေး " အစီအစဉ်ဖြင့် အ·ထ·က(၁၃)၊ အ·ထ·က(၂၄)၊ အ·လ·ကခွဲ(၂)နှင့် အလကခွဲ(၃၃) ကျောင်းဝင်းအတွင်းများရှိ မြေလွတ်နေရာများတွင် ဖီးကြမ်း/တစ်ရှူးငှက်ပျောပင် စုစုပေါင်း (၁၈၇)ပင်အား စိုက်ပျိုးခဲ့ကြောင်းသိရသည်။**အောင်ဇော်မင်း**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ကို ယနေ့ နံနက် (၁၀:၀၀)နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၇၁)ဦး တက်ရောက်သည်။




ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၂၅)ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန် အစည်းအဝေး(အဋ္ဌမနေ့)ကို (၁၁:၃၀) နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (နဝမနေ့)ကို ဩဂုတ် ၁၄ (သောကြာနေ့)နံနက် (၁၀:၀၀)နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက် သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်း နှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် အလွန် အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံသည် ရှေးဟောင်း ယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်း ထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါယဉ်ကျေးမှု အမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေ သည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်များပင်ဖြစ်ကြောင်း။

### လက်ဆင့်ကမ်းလွှဲပြောင်း ပေးအပ်နိုင်ရန်ဆောင်ရွက်

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုး တိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေး မှု ကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန် မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းယဉ်ကျေးမှုအမွေအနှစ် များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ် မြှင့်တင်ခြင်းတို့ အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စား လာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေး အပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ် ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေး မှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက် သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင် ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန် ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသား ရေး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင် ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီး တစ်ရပ်ဖြစ်ကြောင်း။

ယခုကျင်းပမည့် (၂၇)ကြိမ်မြောက် ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့် ပြိုင်ပွဲ များ၏ ကောင်းမွန်သော အတွေ့အကြုံ များကို အခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိ ကျင်းပနိုင်ရေး ရည်မှန်းထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း တိကျစွာ ချမှတ်ဆောင်ရွက်ရန်၊ အကဲ ဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင် ဆန်စွာဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင် များ၏ အရည်အချင်းကို မှန်ကန်စွာ သုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြု ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုး ရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာ အလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင် ရေးတို့အတွက် အစဉ်တစိုက် အားပေး မြှင့်တင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခု ကျင်းပမည့်ပြိုင်ပွဲကိုလည်း အမျိုးသား စည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုဂုဏ်သိက္ခာ နှင့် မြန်မာ့အနုပညာ အစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင် သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေး အတွက် အားလုံးက စိတ်ရင်းစေတနာ အပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ် နိုင်ရေးအတွက် ကောင်းမွန်သည့် စီစဉ် ဆောင်ရွက်မှုများ၊ လိုအပ်သည့် ကြိုတင် ပြင်ဆင် ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟို အဆင့်ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသား ယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ် ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန် အတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေး တင်ပြပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်က ပြိုင်ပွဲကျင်းပ သွားမည့် လုပ်ငန်းအစီအမံများနှင့် ဆုများ ပေးအပ်ချီးမြှင့်သွားမည့် အခြေအနေများ ကိုလည်းကောင်း၊ ကော်မတီအတွင်းရေး မှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန် များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေ အနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၇) ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E. Mr. Nguyen Anh Duc အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံ တွေ့ဆုံပြီး အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်း စေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနှင့် ပြည်သူများ အကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် ယန္တရား များ ပြန်လည်စတင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

သတင်းစဉ်

## မြန်မာ- ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

မြန်မာ – ဗီယက်နမ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ရန်ကုန်မြို့အခြေစိုက် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့ တွေ့ဆုံစည်းဆွေးနွေးခဲ့ကြောင်း သိရ သည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ဗီယက်နမ်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ (၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

ဥပဒေဘာသာပြန် ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဥပဒေရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သည့် The Public Servants Inquiries Act၊ The Usurious Loans Act၊ The Myanmar Carriage of Goods by Sea Act နှင့် The Evidence Act တို့ကို ဆွေးနွေး အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။



အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ဒေါက်တာသီတာဦးကအင်္ဂလိပ်ကိုလိုနီလက်ထက်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် ဥပဒေစုစုပေါင်း ၁၃၇ ခုရှိကြောင်း၊ ဘာသာပြန်ဆိုရန် မလိုအပ်တော့သည့် ဥပဒေ ၅၆ ခုရှိသဖြင့် ဘာသာပြန်ဆိုရမည့် ဥပဒေစုစုပေါင်း ၈၁ ခုရှိကြောင်း၊ ထိုဥပဒေများအနက်မှ ဥပဒေ ၅၉ ခုကို မြန်မာဘာသာပြန်ဆိုကာ အတည်ပြု ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အဆိုပါဘာသာပြန်ဆိုမှုများသည် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့် ဥပဒေကဲ့သို့ တရားဝင်အတည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲဥပဒေ ၂၂ ခု အနက်မှ ၁၈ ခုကို ဘာသာပြန်ဆိုပြီးစီးပြီဖြစ်ပြီး လေးခုမှာ ဘာသာပြန်ဆိုဆဲဖြစ်ကြောင်း၊ ဥပဒေ ၃၃ ရပ်ကို မြန်မာဘာသာပြန်ဆိုအတည်ပြုခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ် အမှတ် (၉)မှ (၁၆)အထိ စာအုပ်ရှစ်အုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ယခင် (၁၇) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေ ငါးခုကို စာအုပ်အမှတ် (၁၇)အဖြစ် မကြာမီ ပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုချက်များ ဆီလျော်မှန်ကန်မှုရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ ၂ ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၆-၂၀၂၇) ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုအခြေအနေ၊ ယှဉ်ပြိုင်မှု ဥပဒေပါပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှု၊ ဒီဂျစ်တယ်ဈေးကွက်နှင့် ဆက်စပ်သည့်ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၆-၂၀၂၇)တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။



ပြောကြား

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံကယှဉ်ပြိုင်မှု ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုထိရောက်စေရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်ကြားမှုများအား ဥပဒေနှင့်အညီ စနစ်တကျစိစစ်ဖြေရှင်းဆောင်ရွက်ရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ အသိပညာများ ပိုမိုသိရှိနားလည်လာစေရေးနှင့် တရားမျှတသော ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်တွင် ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ဈေးကွက်စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ နိုင်ငံတကာအတွေ့အကြုံများနှင့် အကောင်းဆုံးအလေ့အကျင့်များကို လေ့လာအသုံးချ၍ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များကို အချိန်နှင့်အမျှ ပြန်လည်သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍လည်း ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များကို ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရန်ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းကျန်းမာရေး စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် သံချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်

မတ္တရာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် သံချဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဩဂုတ် ၁၂ ရက်နံနက် ၁၀ နာရီက အမှတ်(၅) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (စလွန်ဖြူ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်အောင်ကျော်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအား သံချဆေးများ တိုက်ကျွေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် အစားအစာများကို သန့်ရှင်းစွာရောင်းချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကိုသာ ရောင်းချရေးတို့ကို အသိပညာပေးပြောကြားကာ ခင်းကျင်းရောင်းချနေမှု အခြေအနေများကို စစ်ဆေးခဲ့သည်။ ထို့နောက် ခန်းမအတွင်း ကျောင်းကျန်းမာရေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်အောင်ကျော်နှင့် ကျန်းမာရေးမှူး ဦးကျော်စိုးလွင်တို့က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ၎င်းကရက်အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။ ဆက်လက်၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ရာ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက Grade-1 နှင့် KGကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

(၄၆၂)

ဝ-ဝ-ဝ-ဝ-ဝ

## လေးမျက်နှာမြို့နယ်၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟသ်ာတမြို့နယ် အတွင်းရှိ ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၉၄ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်းအား ကြိုဆိုဂုဏ်ပြု

**မန္တလေး ဩဂုတ် ၁၃**

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်စကက်ဘောပြိုင်ပွဲကို တောင်ကြီးမြို့တွင် ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောအသင်းမှ ငါးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆု(၂)ဆု၊ သုံးယောက်တွဲ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဒုတိယဆုနှင့် အကောင်းဆုံး အားကစားသမားဆု(၂)ဆုတို့ကို ရရှိခဲ့သည့် တိုင်းဒေသကြီးဘတ်စကက်ဘောအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှေးဦးစွာ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီးဘတ်စကက်ဘောအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းစီ မိတ်ဆက်စကားများ ပြောကြားကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်စဉ်ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် နှစ်စဉ်ဆုတံဆိပ်များရရှိခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်အောင်နှင့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် အစဉ်အမြဲကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။


ငှင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်းက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပထမတံခွန်စိုက်ဆုရရှိခဲ့သည့် ငါးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်း၊ ဒုတိယဆုရရှိသည့် သုံးယောက်တွဲ အမျိုးသားဘတ်စကက်ဘောအသင်း၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီးနောက် ဂုဏ်ပြုဧည့်ခံခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)














# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။





အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ကော်မတီဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး ခရိုင်ရှစ်ခုမှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည် သာယာဝပြောရေးဟူ၍ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို ချမှတ်ထားရှိပြီး စားရေရိက္ခာမူဝါဒကော်မရှင်(၁/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်(၂၈) ချက်အား အလေးထားကာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်စိုက်ပျိုး၍ ဖြစ်ထွန်းသည့် အသီးအနှံများကို ဖူလုံအောင်စိုက်ပျိုးသွားရေး၊ စိုက်ပျိုးဧကနှင့် အထွက်နှုန်းပန်းတိုင်ပြည့်မီရန် စိုက်ပျိုးရေ လုံလောက်သည့်နေရာများတွင် သီးထပ်စိုက်ပျိုးခြင်း တိုးမြှင့်လုပ်ဆောင်သွားရန် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလေးသွယ်ဖြင့် နည်းစနစ်တကျစိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးခြင်းတို့ကို ထိရောက်စွာဆောင်ရွက်သွားရန်၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ရွေးချယ်မွေးမြူသွားရန်၊ နှစ်အလိုက် ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရန်တို့ကို အလေးထားဆောင်ရွက်သွားရေး၊ စားရေရိက္ခာဖူလုံပေါများရေးကို အထောက်အကူပြုသည့် စိုက်ပျိုးရေးနှင့် ဆက်စပ်နေသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိရောက်အောင်မြင်အောင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ယခုအစည်းအဝေးမှ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များနှင့် ချမှတ်ထားသည့် မူဝါဒများ အောင်မြင်အောင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်လင်းထွေးက စားရေရိက္ခာမူဝါဒကော်မရှင် (၁/၂၀၂၆)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီးနောက် တိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီဝင်များဖြစ်သည့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် အကြံပြု ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

သတင်း–စာမျက်နှာ ၆







## မြစ်ရေမြင့်တက်မှုကြောင့် ပြောင်းရွှေ့ပြည်သူများအား ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့

**သရက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် သရက်မြို့နယ်၊ ထုံးထောင်ကျေးရွာအုပ်စု၊ လေးတိုင်စင်ကျေးရွာတွင် မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးပြောင်းရွှေ့ ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရှေးဦးဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သရက်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရတို့က အိမ်ခြေကိုးလုံး၊ အိမ်ထောင်စုကိုးစု၊ လူဦးရေ(၃၇)ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ်(၁၈၅၀၀၀)နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ရေသန့်ဘူးများ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**စော်ထက်(သရက်)**



# အာဖဂန်နစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးနီးပါး အာဟာရချို့တဲ့မှုဒဏ် ခံစားနေရ



ကဘူး ဩဂုတ် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးနီးပါးသည် ပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လျှော့ချခံရမှုကြောင့် လူသန်းပေါင်းများစွာ၏ ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်သည့် အခွင့်အလမ်းများ ကန့်သတ်ခံထားရကြောင်း Save the Children အဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် လေးနှစ်အတွင်း အသက် ငါးနှစ်အောက် ကလေးငယ်များအကြား ပြင်းထန်သော အာဟာရချို့တဲ့မှုနှုန်းမှာ ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ကလေးငယ်ပေါင်း ၃ ဒသမ ၇ သန်းခန့်အထိ ထိခိုက်ခံစားရမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

အစီရင်ခံစာအရ ရန်ပုံငွေ လိုအပ်ချက်များကြောင့် ကျန်းမာရေးစင်တာပေါင်း ၆၀၀ နီးပါး ပိတ်သိမ်းခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းများ ဖြစ်ပေါ်ခဲ့ရာ လူဦးရေ လေးသန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့ပြီး မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်မှုကိုလည်း ပိုမိုကန့်သတ်ခံနေရကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ခမည်းတော် အသက် ၇၀ ပြည့်မွေးနေ့နှင့် ဂုဏ်ပြုသောပြပွဲသို့ ဘူတန်ဘုရင်နှင့် မိဖုရား သားတော်နှစ်ပါးနှင့်အတူ တက်ရောက်



သင်ဖူ ဩဂုတ် ၁၃

ဘူတန်ဘုရင် ဂျစ်ဂမေးကေဆာနမ်ဂေးဝမ်ချုက်နှင့် မိဖုရား ဂျက်ဆွန်ပီမာတို့သည် ဘုရင်၏ ခမည်းတော် ခမည်းတော်ဘုရင်ဟောင်း ဂျစ်ဂမေးစင်းဂေးဝမ်ချုက်၏ အသက် ၇၀ ပြည့် မွေးနေ့နှင့် အမွေအနှစ်များကို ဂုဏ်ပြုသောပြပွဲသို့ သားတော်နှစ်ပါးနှင့်အတူ တက်ရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

“မျှော်မှန်းချက်ကြီးမားသော ဘုရင်မင်းမြတ်- စတုတ္ထမြောက်ဘုရင်၏ တည်တံ့ခိုင်မြဲသော အမွေအနှစ်သို့ ဂုဏ်ပြုပူဇော်ခြင်း”ဟု အမည်ပေးထားသည့် အဆိုပါပြပွဲကို ဖွန်လကတည်းက တော်ဝင်ရိုးရာရက်ကန်းအကယ်ဒမီ၌ ကျင်းပလျက်ရှိသည်။

“နဂါးမင်းသား”ဟု လူသိများသော အိမ်ရှေ့စံမင်းသား ဂျစ်ဂမေး နမ်ဂေးသည် အဆိုပါပြပွဲကို တော်ဝင်မိသားစု၏ ကိုယ်စား လွန်ခဲ့သော နှစ်လက တရားဝင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ခုနှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၀၇ ဘီလီယံအထိ ရောက်ရှိခဲ့

ဖနွမ်းပင် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ်၊ ပထမ ခုနစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၀၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ၂၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံ ရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၁၀ ရက်နေ့ထုတ် အကောက်ခွန်နှင့် ယစ်မျိုးအထွေထွေဦးစီးဌာန၏ အချက်အလက်များအရ ပို့ကုန်ပမာဏသည် ၂၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၂၀ ဒသမ ၈၁ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်ပမာဏသည် ၂၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၂၃ ဒသမ ၂၆ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေသည် ယခင်နှစ်က ဒေါ်လာ ၁ ဒသမ ၉၉ ဘီလီယံမှ ပိုမိုကျယ်ပြန့်လာခဲ့သည်။

တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယား၏ ပို့ကုန်ပမာဏသည် ၂၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ရှိပြီး တရုတ်နိုင်ငံမှ သွင်းကုန်ပမာဏ ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၁၂ ဒသမ ၅၂ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

Mon

# ခေတ်သစ်အီဂျစ် ခေတ်သစ်နိဗ္ဗာန်ဘုံဟူသော ခေါင်းစဉ်ဖြင့် ပေကျင်းမြို့တော် ရှာမန်အဲယားကာနီဗယ်ပွဲတော်၌ ကျင်းပ

ပေကျင်း ဩဂုတ် ၁၃

အီဂျစ်နိုင်ငံသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ယခုနှစ်တွင် ကျရောက်ချိန်၌ ၎င်း၏ထင်ရှားသော ရှေးဟောင်းနေရာများအပြင် အခြားသော ခရီးသွားဝန်ဆောင်မှုများကို တိုးချဲ့ခြင်းဖြင့် တရုတ်ခရီးသွားများကို ပိုမိုဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခေတ်သစ်အီဂျစ် ခေတ်သစ်နိဗ္ဗာန်ဘုံဟူသော ခေါင်းစဉ်ဖြင့် ပြုလုပ်သော ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲတစ်ခုကို ပေကျင်းမြို့ ဖုန်းထိုင်ခရိုင်ရှိ ရှာမန်အဲယားကာနီဗယ်ပွဲတော်၌ ကျင်းပခဲ့ပြီး တရုတ်နှင့် အီဂျစ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင် ကိုယ်စားလှယ်များကို စုစည်းပေးခဲ့သည်။

တရုတ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီး ခါလစ်နက်ဇ်မီသည် အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုကြီး နှစ်ခုကြား ရေရှည်တည်တံ့ခဲ့သော ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများနှင့် ခရီးသွားလုပ်ငန်းဖလှယ်မှု တိုးတက်လာနိုင်သည့် အလားအလာများကို အလေးပေး ပြောကြားခဲ့ကြောင်း သိရသည်။

Mon



# တရုတ်နိုင်ငံထုတ် စီ၉၁၉ ခရီးသည်တင် လေယာဉ်ခရီးစဉ် ပျံသန်းပြီးစီး

ပေကျင်း ဩဂုတ် ၁၃

တရုတ်နိုင်ငံထုတ် စီ၉၁၉ ခရီးသည်တင် လေယာဉ်သည် ဘိုးအင်းနှင့် အဲယားဘတ်စ်တို့၏ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော လေကြောင်းဆိုင်ရာ လွှမ်းမိုးမှုကို စိန်ခေါ်ရန် ပီကင်း၏ ပန်းတိုင်ဆီသို့ သင်္ကေတပြသော ခြေလှမ်းတစ်ရပ်အဖြစ် ဩဂုတ် ၁၂ ရက်တွင် ၎င်း၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလေကြောင်းခရီးစဉ်ကို ပျံသန်းပြီးစီးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေယာဉ်သည် အမေရိကန် သို့မဟုတ် ဥရောပ ထိန်းကျောင်းကွပ်ကဲရေး အာဏာပိုင်များထံမှ အတည်ပြုချက် မရရှိသေးသော်လည်း ဘိုးအင်း ၇၃၇ သို့မဟုတ် အဲယားဘတ်စ် အေ ၃၂၀ တို့၏ ပြိုင်ဘက်ဖြစ်လာနိုင်ခြေရှိသော လေယာဉ်အဖြစ် သတ်မှတ်ဖော်ပြခံထားရသည်။

ပြည်တွင်းထုတ် အဆိုပါ လေယာဉ်သည် နိုင်ငံခြားနည်းပညာအပေါ် တရုတ်နိုင်ငံ၏ မှီခိုမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ခြေကုပ်ရရှိရန် ကူညီပေးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

Mon

0-0-0-0-0

# ပေါ်တူဂီဘောလုံးသမားစီရော်နယ်ဒို လက်ထပ်

ကာစကိုင်စ် ဩဂုတ် ၁၃

ပေါ်တူဂီနိုင်ငံသား ဘောလုံးအကျော်အမော် ခရစ်တီရာနိုရော်နယ်ဒိုနှင့် ၎င်း၏ ချစ်သူဂျော်ဂျီနာရော်ဒရီဂတ်စ်တို့သည် ပေါ်တူဂီနိုင်ငံ ကမ်းခြေမြို့ဖြစ်သည့် ကာစကိုင်စ်မြို့တွင် ဩဂုတ် ၁၂ ရက်က လက်ထပ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။



အသက် ၄၁ နှစ်အရွယ်ရော်နယ်ဒိုက ၎င်း၏အင်စတာဂရမ်အကောင့်တွင် လက်ထပ်လက်စွပ်များပါဝင်သည့် လက်များကို ဓာတ်ပုံရိုက်ပြီး “C (နှလုံးသား) G” ဟု အမိပ္ပာယ်ရသည့် စာတန်းကို မျှဝေခဲ့သည်။

အသက် ၃၂ နှစ်အရွယ် မော်ဒယ်တစ်ဦးဖြစ်သည့် ရော်ဒရီဂတ်စ်က အင်စတာဂရမ်တွင် ၎င်းတို့ စေ့စပ်ကြောင်းလမ်းကြောင်း ကြေညာပြီး တစ်နှစ်အကြာတွင်ယခုကဲ့သို့ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်နွေရာသီကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်း ၁၆ သင်းအဆင့်မှ ထွက်ခဲ့ရပြီးနောက် စီရော်နယ်ဒိုသည် လက်ရှိတွင် ဆော်ဒီဘောလုံးအသင်း Al Nassr တွင် ကစားနေကြောင်းသိရသည်။

မန်ချက်စတာယူနိုက်တက်၊ ရီးရဲလ်မက်ဒရစ်နှင့် ဂျူဗင်တပ်စ် တိုက်စစ်မှူးဟောင်းဖြစ်သည့်၎င်းသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးကစားသမားအတွက် ပေးအပ်သည့်ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအားငါးကြိမ်ရရှိခဲ့ကြောင်း သိရသည်။ ကိုးကား-VN Express

ဘာသာပြန် -စိုးသူရ

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တုံတာ ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ တုံတာမြို့တွင် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ် တန်းကျောင်း(နောက်)တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

တုံတာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြတ်မွန်က စာဖတ်ခြင်း၏ အကျိုးကျေးဇူး အကြောင်းဟောပြောခြင်းမူးယစ် ဆေးဝါး၏ဆိုးကျိုးများနှင့် မူးယစ် ဆေးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တုံတာမြို့နယ် ဆေးရုံမှ သူနာပြုဆရာမ ဒေါ်တင် တင်ဝင်း၊ တုံတာမြို့ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယဦးစီးမှူးနှင့် တုံတာ အ·လ·က(နောက်)မှ ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေး ဆိုင်များတွင် တားမြစ်ထားသော မုန့်များ ရောင်းချခြင်းမပြုရန် နှင့် သက်တမ်းလွန်မုန့်များ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးကာ နှင့် အသိပညာပေးဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်-မန္တလေးကားလမ်း၌ ကားတစ်စီးပေါ်သို့ ထနောင်းပင်လဲကျမှုဖြစ်ပွား

**ကျောက်ဆည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၊ ဆူးလေကုန်းကျေးရွာ အနီး ရန်ကုန်-မန္တလေးကားလမ်း ၌ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ကားတစ်စီး ပေါ်သို့ အမြင့် ပေ ၅၀ ၊ လုံးပတ် ငါးပေရှိ အောက်ခြေပင်စည် ဆွေးမြေ့နေသည့် ထနောင်းပင် တစ်ပင် လဲကျမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရ သည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ ဦးတိုးဆိုသူ မောင်းနှင်လာသည့် HYUNDAI STAREX ခဲဖြူရောင် ကား သည် ဆူးလေကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၃၆၂/၁)နှင့် (၃၆၂/၂) အရောက်တွင် ကား လမ်းဘေးရှိ အောက်ခြေပင်စည် ဆွေးမြေ့နေသည့် ထနောင်းပင် သည် ကားပေါ်သို့လဲကျခဲ့ရာ လူ ထိခိုက်မှုမရှိဘဲ မော်တော်ယာဉ် လေကာမှန်ကွဲခြင်း၊ ကားဘော နပ်စ်အဖုံးနှင့် ကားနောက်ပိုင်း ဘော်ဒီချိုင့်ခွက် ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရပြီး မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ် ဦးစီးမှူး ဦးဆောင်၍ သန္နေတပ်ဖွဲ့ ဝင် ရှစ်ဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦး မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် ထနောင်းပင်အား ဖယ်ရှားရှင်းလင်း ခဲ့ပြီး လမ်းသွား၊ လမ်းလာများ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရ သည်။ **(အောက်ပုံ)(၄၈၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လူနေအိမ်အပေါ်ထပ်တွင် လူမရှိဘဲ ပန်ကာဖွင့်ထားခဲ့ရာမှ ပန်ကာအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၁၃**

မိုင်ကုန်းအရန်မီးသတ်စခန်း ၏ သတင်းအရ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီ ၁၃ မိနစ် ခန့်က မန္တလေး၊ ပုသိမ်ကြီး မြို့နယ်၊ မဲကင်းကုန်းကျေးရွာ အုပ်စု၊ တဲကုန်းကျေးရွာရှိ ၁၀ ပေ × ပေ၂၀ သွပ်မိုး၊ ကျောက် ပြားကာ(၂)ထပ် လူနေအိမ်တစ် လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေအိမ်အပေါ် ထပ်တွင် လူမရှိဘဲ ပန်ကာဖွင့် ထားခဲ့ရာ အပူလွန်ကဲပြီး မီးပွား ကျရာမှ အဝတ်အစားများပေါ် သို့ မီးကူးစက် စတင်လောင် ကျွမ်းခဲ့ပြီး(၁၀ပေ×ပေ၂၀)သွပ် မိုး၊ ကျောက်ပြားကာ လူနေအိမ် အပေါ်ထပ် မီးလောင်ဆုံးရှုံးခဲ့ သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွား ရာသို့ မြို့နယ်မီးသတ်ဦးစီးအရာ ရှိ ဦးမင်းသန့် ဦးဆောင်၍ ပုသိမ် ကြီးမြို့နယ် မီးသတ်စခန်းမှ မီး ငြိမ်းသတ်ယာဉ်နှစ်စီး၊ သန္နေ ၁၂ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် သွားရောက်ငြိမ်း သတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးထိန်းပြီး မီးငြိမ်းခဲ့ သည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိခြင်း မရှိသဖြင့်၊ မီးလောင်မှု နှင့်ပတ်သက်၍ ပုသိမ်ကြီးမြို့နယ် မြို့မရဲစခန်းမှ အရေးယူထားရှိ ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေရန်ကင်း**





## ၂၂ဘီး နောက်တွဲယာဉ် တစ်စီး ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကလော ဩဂုတ် ၁၃**

ရှမ်းပြည်နယ်၊ ကလောမြို့ နယ်၌ ၂၂ ဘီး နောက်တွဲယာဉ် တစ်စီး ချောင်းအတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့၍ အမျိုးသားတစ် ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည် နယ်၊ ကလောမြို့နယ်၊ ကလော- မိတ္ထီလာပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ် ၅၅ မိုင် ၄ ဖာလုံ နှင့် ၅ ဖာလုံကြား၌ ယာဉ်တိမ်း မှောက်မှုဖြစ်ပွားကြောင်း သတင်း အရ အမှတ်(၁၁၇)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(ကလော)မှ တပ်ဖွဲ့ဝင် များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင် မြို့နယ်၊ စွန်ရဲ(တောင်)ကျေးရွာ နေ ဦးအောင်ချစ်မိုး(၃၄)နှစ် ဆိုသူ မောင်းနှင်ပြီး ကျောက်မီး သွေးများ တင်ဆောင်လာသည့် FONTON ၂၂ ဘီး နောက်တွဲ ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းအနက် ၁၅ ပေ ခန့်ရှိ ချောင်းထဲသို့ ထိုးကျတိမ်း မှောက်ခဲ့၍ ဦးအောင်ချစ်မိုးဆိုသူ တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ သဖြင့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူ ဦးအောင်ချစ်မိုးဆိုသူ အား ကလောမြို့မရဲစခန်းမှ အမှု ဖွင့်အရေးယူထားကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်မောင်းသူများ လိုက်နာရန်

* မြို့တွင်း တစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
* အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
* ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
* (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းကျေးရွာ၌ လှေတိမ်းမှောက်မှုဖြစ်ပွားရာမှ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးတစ်ဦး ရေနစ်မြုပ်ခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံး

**စဉ့်ကိုင် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ နယ်၊ မြောက်ကိုင်းကျေးရွာ၌ ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်နေမှု ကြောင့် ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါကျေးရွာ သားများ မောင်းနှင်လာသော လှေတစ်စီးတိမ်းမှောက်မှုဖြစ်ပွား ခဲ့ရာမှ အမျိုးသားသုံးဦး၊ အမျိုး သမီးနှစ်ဦး၊ ကလေးတစ်ဦး ရေ နစ်မြုပ်ခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ကိုင်း ကျေးရွာနေ ဦးဟန်စိန်ဆိုသူသည် ကျေးရွာအတွင်း ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်နေသည့်အတွက် ၎င်းပိုင်လှေဖြင့် နေအိမ်ရှိပစ္စည်းများကို တင်ကာ တစ်ရွာတည်းနေ အမျိုး သားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးငယ်တစ်ဦးနှင့်အတူ ရေ ဘေးလွတ်ရာ ရန်ကုန်-မန္တလေး ကားလမ်းဘေး ကုန်းပေါ်သို့ လှေ ဖြင့် ထွက်ခွာလာစဉ် ပလိပ်အင်း စောင်းအရောက်တွင် ရေစီးအား ကြောင့် လှေမှာလှိုင်းရိုက်နစ်မြုပ် ခဲ့ပြီး ရေစီးဖြင့် မျောပါသွား ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာ သို့ စဉ့်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်၊ ပလိပ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်လှည့်နှင့် အဖွဲ့ တို့သည် စဉ့်ကိုင်မြို့နယ်၊ ကြက် ခြေနီအသင်းအဖွဲ့ဝင်များ၊ မဟာ အောင်မြေမြို့နယ် အခြေစိုက် မဏိဗလ လူမှုကူညီရေးအသင်း အဖွဲ့တို့နှင့်ပူးပေါင်း၍ လိုက်လံ ကယ်ဆယ် ဆောင်ရွက်ခဲ့ရာ မွန်း လွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် လူငါးဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သော်လည်း အမျိုး သမီးတစ်ဦးမှာ သေဆုံးလျက် ဆယ်ယူရရှိခဲ့ကြောင်း သိရပြီး အမျိုးသမီး တစ်ဦးနှင့် ကလေး ငယ်တစ်ဦးတို့အား လူမှုကူညီရေး အသင်းအဖွဲ့မှ ပလိပ်တိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဆေး ကုသမှုခံယူလျက်ရှိကြောင်း သိရ သည်။

**ကျော်စွာ(စဉ့်ကိုင်)**

# မဟာမုနိဘုရားကြီးဂေါပကအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများနှင့် ပညာရေးထောက်ပံ့ငွေ ပေးအပ်




**မန္တလေး ဩဂုတ် ၁၃**

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများနှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်နေ့ နေ့လည်ပိုင်းက မဟာမုနိဘုရားကြီး ဗုဒ္ဓဝင်ပြခန်း၊ ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို မဟာမုနိဂေါပကအဖွဲ့နှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် ဝန်ထမ်းသက်သာကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဆန်းဝင်း(အောင်သမာဓိရွှေဆိုင်)တို့က အမှာစကားပြောကြားခဲ့ပြီး ဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှစ်ဦးနှင့် အခြေခံပညာအထက်တန်းအဆင့် ပညာသင်ကြားနေသူ ၂၀ ဦးတို့အား ထောက်ပံ့ငွေကျပ် ၁၃ သိန်းကိုလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးအောင်ဆန်းဝင်း(အောင်သမာဓိရွှေဆိုင်)မိသားစုက ထောက်ပံ့ငွေကျပ် ၁၃ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ထို့အပြင် ဝန်ထမ်းများအား ဆန် ၁၃ အိတ်၊ ဆီ ၆၀ ပိဿာ အပါအဝင် ထောက်ပံ့ပစ္စည်းများအားပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

# ယာယီပိတ်ထားခဲ့ရသော စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်

**မတ္တရာ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဆည်ရေလွှတ်မှုနှင့် မိုးအဆက်မပြတ် ရွာသွန်းမှုတို့ကြောင့် ရေဝင်ရောက်ခဲ့ပြီး ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများမှာ ရေများကျဆင်းသွားပြီဖြစ်သည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများမှ အဖွဲ့များခွဲ၍ ကျောင်းအကျိုးတော်ဆောင်များနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ရေဝင်ရောက်၍ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများဖြစ်သည့် သာယာဝတီကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ရွှေစုကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် တံငါတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ဌာနဆိုင်ရာများမှ အဖွဲ့ငယ်များခွဲ၍ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာသူရွာသားများ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ စာသင်ခန်းများအတွင်း တင်ကျန်နေသောနွံများနှင့် ကျောင်းဝန်းအတွင်းရှိ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၆၂)



# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅)သင်တန်းဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ ဩဂုတ် ၁၀ရက် နံနက် ၈ နာရီခွဲက အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅)သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးနှင့် ဌာနမှူးများ၊ သင်တန်းအုပ်ချုပ်သူများ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၃၈၂ ဦး စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းကို ဩဂုတ် ၁၀ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၇၀)

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးတစ်ဦးတွင်ရှိရမည့် အရည်အချင်းများ၊ သတ္တိ၊ သတိ၊ အသိတရားနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ခန်းမအတွင်းနှင့် ခန်းမပြင်ပ အခမ်းအနားများ ဆောင်ရွက်ရာ၌ အခမ်းအနားမှူးတစ်ဦး၏ တာဝန်ဝတ္တရားများ၊ မှားယွင်းလေ့ရှိသည့် သဒ္ဒါအထားအသိုနှင့် အသုံးအနှုန်းများ၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှု၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် အသံပိုင်းဆိုင်ရာ မိုက်ခရိုဖုန်း အသုံးပြုမှုများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ပြီး သင်တန်းကာလ (၂)ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# စနစ်ဟောင်းဖြင့် လျှောက်ထားသည့် လျှပ်စစ်မီတာများ တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**အမရပူရ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ အွန်လိုင်းစနစ်အသစ်ဖြင့်မစတင်မီ ယခင်စနစ်ဟောင်းဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး သို့လျှောက်ထားကာ သတ်မှတ်ကြေးပေးသွင်းပြီးသော မီဘပြည်သူများအား ဌာန၏သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အိမ်သုံးမီတာများကို မီးသုံးသူနေအိမ်တွင် တပ်ဆင်ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၂ ရက်နေ့နံနက်ပိုင်းက MESC အမှုဆောင်အရာရှိချုပ်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက်နေ့မှစ၍ မီတာတပ်ဆင်လိုသူ မိဘပြည်သူများအနေဖြင့် www.moee.gov.mm သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ပါကြောင်းနှင့် ယင်းသို့ လျှောက်ထားရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အမြန်ဆုံးမီတာတပ်ဆင်ပေးသွားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြေညာထားကြောင်း သိရသည်။

**လှဲ့လှဲ့နိုင်**

၀-၀-၀-၀-၀

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

○ မုန်တိုင်းငယ်မှ

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျု ၂၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




## ချာဗာရီယာကို ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၁၃**

ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းသည် ဗယ်လက်ကာနိအသင်း နောက်ခံကစားသမား ချာဗာရီယာကို စတာလင်ပေါင် ၁၆ ဒသမ ၃သန်းဖြင့် ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဗယ်လက်ကာနိအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ချာဗာရီယာသည် ယခုနှစ်နွေရာသီ ချဲလ်ဆီးအသင်းသို့ ရောက်ရှိလာသည့် ကိုးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ချာဗာရီယာက "ကျွန်တော် ချဲလ်ဆီးအသင်းလို ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းမှာ ကစားခွင့်ရမယ်ဆိုတော့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့အိပ်မက်တွေလည်း ပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ပေါ့ဂ်ဘာကို မိုနာကိုအသင်း စာချုပ်ဖျက်သိမ်းဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၁၃**


မိုနာကိုအသင်းသည် ဝါရင့်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို စာချုပ်ဖျက်သိမ်းသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုနာကိုအသင်းသို့ ရောက်ရှိလာကတည်းက ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရပြီး ပြိုင်ပွဲစုံ ခြောက်ပွဲသာ ကစားထားရသေးသည်။

ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ လက်ရှိစာချုပ်သက်တမ်းသည် တစ်နှစ်ကျန်ရှိနေသေးသော်လည်း မိုနာကိုအသင်းက စာချုပ်ဖျက်သိမ်းရန် စီစဉ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် မိုနာကိုအသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့်သတင်းများအတိုင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို အမှန်တကယ် စာချုပ်ဖျက်သိမ်းသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဂိုးသမား ရှုလီကို မန်စီးတီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၃**

မန်စီးတီးအသင်းသည် မာဆေးလ်အသင်း ဂိုးသမား ရှုလီကို စတာလင်ပေါင် ၁ ဒသမ ၇ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် မန်စီးတီးအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။



ဂိုးသမား ရှုလီသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲ ကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်ပြီး နောက်ထပ်ကစားသမားသစ်များလည်း ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။

(ဝဲပုံ) (NGB)



## နော်တင်ဟမ်ဖောရက်စ်အသင်းက လေဗာကူဆင်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၁၃**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်တင်ဟမ်ဖောရက်စ်အသင်းက လေဗာကူဆင်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၅ မိနစ်တွင် ဒိုယီ၊ ပွဲချိန် မိနစ် ၉၀တွင် ကာလီမူအန်ဒိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၆ ရက်တွင် ဘရက်စ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ရက်ဖီးလ်ယူနိုက်တက်အသင်းသည် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။

* မေဂျာလိဂ်ကလပ် မွန်ထရီအောလ်အသင်းသည် အသင်း လက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ကို ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

* မန်ယူအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## စကယ်ဗီနီကို ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စား



**လန်ဒန် ဩဂုတ် ၁၃**

ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် အတ္တလန်တာအသင်း နောက်ခံကစားသမား စကယ်ဗီနီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အတ္တလန်တာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၃၇ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

အတ္တလန်တာအသင်းကလည်း စကယ်ဗီနီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါကမည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အတ္တလန်တာအသင်းထံမှ စကယ်ဗီနီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## နည်းပြ မာတီးနက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် နယ်သာလန်အသင်း သဘောတူညီမှုရရှိဟု သတင်းများထွက်ပေါ်

**လန်ဒန် ဩဂုတ် ၁၃**

နယ်သာလန်အသင်းသည် နည်းပြ မာတီးနက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြသည် ပြီးခဲ့သည့် ဇူလိုင် ၉ ရက်က ပေါ်တူဂီအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်ခဲ့ပြီး လက်ရှိအချိန် နယ်သာလန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

နည်းပြ မာတီနက်ဇ်သည် နည်းပြဘဝတစ်လျှောက်တွင်လည်း ဆွမ်ဆီး၊ ဝီဂန်၊ အဲဗာတန် စသည့်ကလပ်အသင်းများအပြင် ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ စသည့် လက်ရွေးစင်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်း ဖြစ်သည်။

ထို့ကြောင့် လက်ရှိ ထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ မာတီးနက်ဇ်ကို နယ်သာလန်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)
(NGB)



## 2026 National Bank Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Rafael Jodar တက်ရောက်



**တိုရွန်တို ဩဂုတ် ၁၃**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Rafael Jodar တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Rafael Jodar သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils ကို ၇-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Rafael Jodar နှင့် အမေရိကန်တင်းနစ်ကစားသမား Brandon Nakashima တို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)




## ယူအီးအက်ဖ်အေစူပါဖလား ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်းဆွတ်ခူး

**လန်ဒန် ဩဂုတ် ၁၃**

ယူအီးအက်ဖ်အေစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံ အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက အက်စတွန်ဗီလာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ကာဗာရက်စ်ခီလီယာ၊ ပွဲချိန် ၆၁ မိနစ်တွင် ဒူးလ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်း၏ ထုတ်ပြန်ချက်တွင် "ယူအီးအက်ဖ်အေစူပါဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)
(NGB)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဂူနီဘုရားတည်ဆောက်မှု ဗိသုကာပညာရပ်နှင့် လိုဏ်အတွင်း အလင်းဝင်ပေါက်စနစ်၊ လေဝင်၊ လေထွက် တည်ဆောက်မှုစနစ်တို့ကို လေ့လာနိုင်



**ညောင်ဦး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူးလေ့လာရေးရောက်ရှိခဲ့ပါက မြောက်ဂူနီဘုရား တည်ဆောက်မှု ဗိသုကာပညာရပ်နှင့် အလင်းဝင်ရောက်မှုစနစ်၊ လေဝင်လေထွက်စနစ်ကောင်းမွန်စွာ ဝင်ရောက်မှုတည်ဆောက်ပုံစနစ်တို့ကို လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ တာဝန်ရှိသူများထံက သိရသည်။

မြောက်ဂူနီဘုရားသည် ပုဂံမြို့ဟောင်း၏ အရှေ့တောင်ဘက် မဓ္ဓရုံကြီးဘုရား၏ အနောက်တောင်ဘက်တွင် တည်ရှိသည်။ မြောက်ဂူနီဘုရားကို နရသီဟပတေ့မင်း နန်းစံစဉ်ကာလအတွင်း မိဖုရားဖွားစောသည် အေဒီ (၁၂၄၁)ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း၊ မိဖုရားဖွားစောသည် ပုဂံသမိုင်းတွင် ဩဇာအာဏာကြီးမားသော မိဖုရားတစ်ပါးဖြစ်ခဲ့သည်။ ဂူဘုရားအတွင်းတွင် မိဖုရားမှ ဘုရားမြေ၊ ယာမြေနှင့် ကျေးကျွန်များ၊ လှူဒါန်းခြင်းအကြောင်း ဖော်ပြထားသော ကျောက်စာကမ္ပည်းကို လေ့လာဖတ်ရှုနိုင်သည်။ ဘုရားကို ဖျက်စီးသူ မည်သူမဆို ကျိန်စာသင့်စေဟု ရေးထိုးထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ မြောက်ဂူနီဘုရားသည် နှစ်ထပ်လိုဏ်ဘုရားဖြစ်ကာ အပေါ်ထပ်သို့ တက်ရန်အုတ်လှေကား အတက်အဆင်းပါရှိသည်။ အနောက်ဘက်မုခ်နှင့်အရှေ့ဘက်မုခ်တို့တွင် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီရှိပြီး အရှေ့ဘက်မုခ်မျက်နှာကြက်နှင့် ပလ္လင်တော်နောက်ခံတွင် နံရံဆေးရေးပန်းချီအချို့ကို လေ့လာနိုင်သည်။ အတော်အသင့်ကြီးမားသော မဟာရံတံတိုင်းမှာ အကောင်းအတိုင်းရှိနေသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဘုရားကြီးတည်ဆောက်ပုံဗိသုကာပညာမှာ အထူးကောင်းမွန်ပြီး လိုဏ်အတွင်း အလင်းဝင်စနစ်နှင့် လေဝင်၊ လေထွက်စနစ်များ ကောင်းမွန်စွာ တည်ဆောက်ထားသည်ကို လေ့လာနိုင်သည်။

မြောက်ဂူနီဘုရားအနီးဝန်းကျင်တွင် မဓ္ဓရုံကြီးဘုရား၊ တောင်ဂူနီဘုရား၊ အင်းဘုရား၊ ရွှေနန်းရင်တောအုတ်ကျောင်းတိုက်များနှင့် ဘုရားများကို တစ်ဆက်တစ်စပ်တည်း လေ့လာဖူးမြော်နိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၁)



## ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**ဥတ္တရသီရိ ဩဂုတ် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပိုးစာတောကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများအား ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာဆောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ကိုးဦးကို အများသဘောတူ ဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည်။

အဆိုပါ ပိုးစာတောကျေးရွာတွင် ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးမြောက်ပါက ကျေးရွာ၏ အခြေခံအဆောက်အအုံများနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ အသီးသီး ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းထံက သိရသည်။

(အပေါ်ပုံ)

အောင်ရဲကျော်

## ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ကျေးရွာအုပ်စု၊ လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာအတွက် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက လက်ခုပ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ခုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆ ဒသမ ၀၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) (၄၄၅)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ ။

## မဟာအောင်မြေခရိုင်အဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ အဖွဲ့ဝင်များဖြစ်သည့် ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်၊ ဦးဟိန်းကျော်အောင်၊ ဦးထွန်းထွန်းဝင်းနှင့် ဒေါ်လှဲ့ရည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးအောင်ကျော်ညွန့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယတန်းအဆင့်ပြိုင်ပွဲဝင် မောင်မြင့်ထွန်းနိုင်က ခေတ်ဟောင်းကာလပေါ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ မဟာအောင်မြေခရိုင်အဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၃၁ ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)



## RCC သုံးထပ် ဆရာ၊ ဆရာမဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မကွေး ဩဂုတ် ၁၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (မကွေး)၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည့် ၃၄ဦးဆံ့ RCC သုံးထပ် ဆရာ၊ ဆရာမများဆောင် မင်္ဂလာ ပန္နက်တော်တင်ကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(မကွေး)ပါမောက္ခချုပ်၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက်တိုင်များကို ပန္နက်ရိုက်စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၃၄ဦးဆံ့ RCC သုံးထပ် ဆရာ၊ ဆရာမဆောင် တည်ဆောက်မည့် မြေနေရာနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ(၁၀၃ပေ ၆လက်မ× ၅၂ပေ) အကျယ်အဝန်းရှိ RCC သုံးထပ် ၃၄ဦးဆံ့ ဆရာ၊ ဆရာမအဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ပြင်ပရေဂါလံ ၆၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ (၆ပေ၉လက်မ×၅ပေ) အကျယ်ရှိ ရေစက်အိမ် တည်ဆောက်ခြင်း၊ ပြင်ပမီးသွယ်တန်းခြင်းနှင့် (ပေ၁၀၀×၁၂ပေ×၈လက်မ) ကွန်ကရစ်အဝင်လမ်းခင်းကျင်းခြင်းလုပ်ငန်းများ ပါဝင်ပြီး ယခု၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကာ နိုင်ငံ့အတွက် လိုအပ်လျက်ရှိသော အင်ဂျင်နီယာလူ့စွမ်းအားအရင်း အမြစ်များကို နှစ်စဉ် မွေးထုတ် ပေးလျက်ရှိသည့် နည်းပညာ တက္ကသိုလ်(မကွေး)တွင် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၆၃ဦး ရှိပြီး အိပ်ဆောင်ငါးလုံး၌ နေရာချထားပေးလျက်ရှိရာ ယခု အိပ်ဆောင်သစ် တည်ဆောက်ပြီးစီးပါက တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများအနေဖြင့် ပိုမိုကျယ်ဝန်း၍ သက်သောင့်သက်သာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

**သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။**

## ရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ပေးအပ်

**ညောင်ဦး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ဆက်လက်မြင့်တက်နေပြီး မြစ်ရေဝင်ရောက်နေသည့် မြေနိမ့်ပိုင်းရပ်ကွက်များမှ အိမ်ထောင်စုများ ရေဘေးရှောင်စခန်းများသို့ လျင်မြန်လွယ်ကူစွာပြောင်းရွှေ့ပေးနိုင်ရေးအတွက် ညောင်ဦးခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများ၊ အရန်မီးသတ်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီသယ်ဆောင်ပြောင်းရွှေ့ပေးလျက်သည်။

ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် ၂၁၂၀ စင်တီမီတာရှိပြီး ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ၂၂၀၃ စင်တီမီတာ ရောက်ရှိနေကာ စိုးရိမ်ရေမှတ်အထက် ၈၃ စင်တီမီတာ ၊ ၂ ပေ ၇၂ လက်မ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိနေကြောင်း၊ ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသည့် အမှတ်(၁)ရပ်၊ အမှတ်(၂)ရပ်၊ အမှတ်(၄)ရပ်၊ အမှတ်(၅)ရပ်နှင့် အမှတ်(၇)ရပ်ကွက်ရှိ ရေဝင်ရောက်သောနေရာများအား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များသည် သာယာဝတီစက်လှေဆိပ်၊ ဧရာစက်လှေဆိပ်နှင့်လောကနန္ဒာဘုရားသွား ကားလမ်းရေကျော်မှု ရှိ၊ မရှိ သွားရောက် ကြည့်ရှုစစ်ဆေးခြင်းနှင့် ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် အမှတ်(၁)ဆုတောင်းပြည့်ဘုရားဓမ္မာရုံ၊ အမှတ်(၂)ယွန်းတန်းဓမ္မာရုံ၊ အမှတ်(၄) ရှစ်မျက်နှာကျောင်းဓမ္မာရုံ၊ အမှတ်(၅)ရပ် မြသိန်းတန်ဓမ္မာရုံ၊ အမှတ်(၇)ရပ်ရှိ မြသိန်းတန်ဘုရားဓမ္မာရုံများရှိ ရေဘေးရှောင်ပြည်သူများအား ကြည့်ရှုအားပေးခဲ့ကာ အိမ်ထောင်စု (၁၅၂)စု၊ လူဦးရေ ၅၉၄ဦးတို့အား ဆန်ရိက္ခာနှင့်ငွေကျပ် ၂၉၇၀၀၀၀ အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူညွှဲညွှဲအောင်တို့က ဆေးဝါးပစ္စည်းများ၊ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၈၁)



ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း



## ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကန့်ဘလူ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီက နတ်ပေးကျေးရွာရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကိုယ်စား ဦးသန်းစိန်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်တင်တင်ခိုင်က စီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက အများသဘောဆန္ဒနှင့်အညီ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းအတွက် ကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် ရည်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာများ ထူထောင်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

*- *- *- *- *

## တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်း ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မြို့မအရှေ့ရပ်ကွက် ၊ ပေတောပရဟိတ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်ကွင်းဆင်း ကုသပေးခဲ့သည်။



အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍတွင် တိုင်းရင်းဆေးဖြင့် အကျိုးထိရောက်မှုရှိစွာ ကုသနိုင်ရန် ရည်ရွယ်၍ မြို့နယ်တိုင်းရင်းဆေးမှူးက ကျောင်းသား၊ ကျောင်းသူများအား အာဟာရနှင့် ဘေးကင်းစိတ်ချရသော အစားအစာများကို စားသုံးသင့်ကြောင်း၊ မိမိတို့ နေ့စဉ်စားသောက်နေသော အစားအစာများသည် ဘေးကင်း၍ အာဟာရပြည့်ဝရန် လိုအပ်ကြောင်း၊ ဝဲ၊ ယားနာရောဂါအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းတို့ကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့်ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မိုးရာသီတွင် အဓိကဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးများ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား၊ ကျောင်းသူ ၅၃ ဦးတို့ကို ကုသပေးခဲ့သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းကုသပေးခြင်းများကို မြို့ပေါ်ရှိစာသင်ကျောင်းများနှင့် ကျေးရွာများရှိ စာသင်ကျောင်းများကိုလည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

# ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန်

ယခုကာလတွင် ဒေသအချို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေသည်ကို ကြားသိနေရသည်။ တစ်ဖက်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ချောင်းရေမြင့်တက်ခြင်း၊ ရေကြီးရေလျှံခြင်းတို့ ဖြစ်ပေါ်နေသော ဒေသများရှိရာ ယင်းအခြေအနေများသည် ဝမ်းပျက်ဝမ်းလျှော အပါအဝင် ရေနှင့်အစားအစာမှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားရန် အခွင့်အလမ်း ပိုများစေနိုင်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဖြစ်လာမှ ကုသရမည့် ရောဂါတစ်ခုအဖြစ်သာ မယူဆဘဲ မိမိတို့မိသားစုနှင့် ပတ်ဝန်းကျင်တွင် မဖြစ်ပွားမီကတည်းက ကြိုတင်ကာကွယ်ထားရန် အထူးလိုအပ်လာသည်။

ဝမ်းပျက်ဝမ်းလျှောခြင်းသည် လူတိုင်းနီးပါး တစ်ကြိမ်မဟုတ် တစ်ကြိမ် ကြုံတွေ့ဖူးနိုင်သော ရောဂါလက္ခဏာတစ်ရပ်ဖြစ်သော်လည်း ပေါ့ဆ၍ မရပေ။ ယေဘုယျအားဖြင့် တစ်နေ့လျှင် ပုံမှန်ထက် ပျော့သော(သို့မဟုတ်)ရေကဲ့သို့သော ဝမ်းသုံးကြိမ်နှင့်အထက် သွားခြင်းကို ဝမ်းလျှောခြင်း (Diarrhoea)ဟု ခေါ်ဆိုကြသည်။ တချို့သူများတွင် ဝမ်းလျှောခြင်းနှင့်အတူ အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အဖျားတက်ခြင်း၊ အစာစားချင်စိတ်မရှိခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး ရောဂါပြင်းထန်ပါက ဝမ်းထဲသွေးပါခြင်းနှင့် ရေဓာတ်အလွန်အမင်းခန်းခြောက်ခြင်းတို့ ဖြစ်နိုင်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေသည့် အကြောင်းအရင်းများစွာရှိသော်လည်း အများအားဖြင့် ဗိုင်းရပ်စ်၊ ဘက်တီးရီးယားနှင့် ကပ်ပါးပိုးများကြောင့် အူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဆက်စပ်နေတတ်သည်။ ရောဂါပိုးများသည် လူနာ၏မစင်မှတစ်ဆင့် ပတ်ဝန်းကျင်သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ရေ၊ အစားအစာ၊ လက်နှင့် အသုံးအဆောင်ပစ္စည်းများကို ညစ်ညမ်းစေနိုင်သည်။ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်း၊ မသန့်ရှင်းသောရေဖြင့် ပြင်ဆင်ထားသည့် အစားအစာစားမိခြင်း၊ အိမ်သာတက်ပြီး လက်မဆေးဘဲ အစားအစာကို ကိုင်တွယ်ခြင်း၊ ယင်ကောင်များ နားထားသော အစားအစာစားမိခြင်းတို့ကြောင့် ရောဂါပိုးသည် လူတစ်ဦးမှတစ်ဦးသို့ ဆက်လက်ပျံ့နှံ့နိုင်သည်။

အထူးသဖြင့် ရေကြီးရေလျှံနေသည့် အချိန်သည် ပိုမိုသတိထားရမည့် ကာလဖြစ်သည်။ ရေကြီးသောအခါ အိမ်သာ၊ မိလ္လာမြောင်း၊ အမှိုက်ပုံနှင့် တိရစ္ဆာန်အညစ်အကြေးများမှ ရောဂါပိုးပါဝင်သောရေသည် ရေတွင်း၊ရေကန်နှင့် အခြားသောက်သုံးရေအရင်းအမြစ်များအတွင်း ဝင်ရောက်ရောနှောနိုင်သည်။ ကြည့်လိုက်လျှင် ရေကြည်နေသည်ဟု ထင်ရသော်လည်း မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးများ ပါဝင်နေနိုင်သည်။ ထို့အပြင် ရေကြီးချိန်တွင် အိမ်သာအသုံးပြုရန် ခက်ခဲခြင်း၊ သန့်ရှင်းသောရေရှားပါးခြင်း၊ လူများစုဝေးနေထိုင်ရခြင်း၊ အစားအစာသိုလှောင်ရန် ခက်ခဲခြင်းတို့ကြောင့် ရောဂါကူးစက်နိုင်ခြေ ပိုမိုမြင့်တက်လာနိုင်သည်။

ရေကြီးပြီးနောက်ပိုင်းတွင်လည်း အန္တရာယ်ပြီးဆုံးသွားပြီဟု မယူဆသင့်ပေ။ ရေပြန်ကျသွားသော်လည်း ရေတွင်းနှင့် အခြားရေအရင်းအမြစ်များသည် မိလ္လာနှင့် ရောဂါပိုးများဖြင့် ဆက်လက်ညစ်ညမ်းနေနိုင်သည်။ ရေစိုခဲ့သော အစားအစာများ၊ ထုပ်ပိုးပျက်စီးနေသော စားသောက်ကုန်များ၊ အညစ်အကြေးရေနှင့် ထိတွေ့ခဲ့သော အစားအစာများကို မစားသင့်ပေ။ ရေကြီးပြီးနောက် အိမ်နှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းရာတွင်လည်း မစင်နှင့် မိလ္လာညစ်ညမ်းမှုရှိနိုင်ကြောင်း သတိထားရမည်။

ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးတွင် ပထမဆုံး အရေးကြီးသည်မှာ သောက်သုံးရေသန့်ရှင်းရေး ဖြစ်သည်။ မိမိသောက်မည့် ရေ၏ သန့်ရှင်းမှုကို မသေချာပါက ကျိုချက်၍ သောက်သုံးသင့်သည်။ ရေကိုကျိုချက်ပြီးနောက် သန့်ရှင်းသော အဖုံးပါအိုး(သို့မဟုတ်)ဘူးထဲတွင် သိမ်းဆည်းထားသင့်ပြီး ရေခပ်ရာတွင် မသန့်ရှင်းသောခွက်၊ လက်တို့ကို ရေထဲသို့ နှစ်၍ မခပ်သင့်ပေ။ သောက်ရေသိုလှောင်သည့်ပုံးကို အဖုံးဖုံးထားပြီး ပုံမှန်ဆေးကြောသန့်စင်ရန်လည်း လိုသည်။ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောဒေသများတွင် မိမိအသုံးပြုနေကျ ရေတွင်း၊ ရေကန်ဖြစ်သည်ဆိုသည့် အကြောင်းတစ်ခုတည်းဖြင့် လုံခြုံသည်ဟု မယူဆသင့်ပေ။

သောက်ရန်သာမက သွားတိုက်ခြင်း၊ ကလေးနို့မှုန့်ဖျော်ခြင်း၊ အစားအစာပြင်ဆင်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ဆေးကြောခြင်းတို့အတွက်လည်း သန့်ရှင်းသောရေကို အသုံးပြုရန် လိုအပ်သည်။ သောက်ရေကိုသာ သန့်ရှင်းစွာ ထားပြီး အစားအစာကို ညစ်ညမ်းသောရေဖြင့် ဆေးကြောနေပါက ရောဂါပိုးသည် အစားအစာမှတစ်ဆင့် ဝင်ရောက် နိုင်သေးသည်။

ဒုတိယ အရေးကြီးဆုံးအချက်မှာ လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးခြင်း ဖြစ်သည်။ အိမ်သာတက်ပြီးတိုင်း၊ ကလေး၏မစင်ကို သန့်ရှင်းပေးပြီးတိုင်း အစားအစာမပြင်ဆင်မီ၊ အစားမစားမီ၊ ကလေးကို အစာမကျွေးမီ လက်ကိုဆပ်ပြာနှင့် သန့်ရှင်းသောရေဖြင့် ဆေးကြောသင့်သည်။ လက်ဖဝါးကိုသာ ဆေးခြင်းမဟုတ်ဘဲ လက်ဖမိုး၊ လက်ချောင်းကြား၊ လက်မ၊ လက်သည်းအောက်နှင့် လက်ကောက်ဝတ်တို့ကိုပါ စနစ်တကျ ဆေးကြောရမည်။ လက်ဆေးခြင်းသည် ရိုးရှင်းလွန်းသဖြင့် အရေးမကြီးဟု ထင်ရသော်လည်း မစင်မှတစ်ဆင့် ပျံ့နှံ့သောရောဂါများကို တားဆီးရာတွင် အလွန်အရေးပါသည့် နေ့စဉ်အလေ့အထတစ်ခု ဖြစ်သည်။

အစားအသောက် သန့်ရှင်းရေးကိုလည်း မမေ့သင့်ပေ။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီး ပူပူနွေးနွေး စားသုံးခြင်းက ပိုမိုလုံခြုံသည်။ ချက်ပြုတ်ပြီးသား အစားအစာများကို အချိန်ကြာမြင့်စွာ အပြင်တွင် ထားခြင်းမပြုသင့်ပေ။ ပြန်လည်စားသုံးမည်ဆိုပါက သေချာစွာ ပြန်နွေးသင့်သည်။ အသား၊ ငါး၊ ပင်လယ်စာနှင့် ဥများကို မကျက်တကျက်စားသုံးခြင်းကို ရှောင်သင့်သည်။ အစိမ်းနှင့် အကျက်အစားအစာများကို ခွဲခြားထားရန်၊ အသားစိမ်းလှီးထားသော ဓားနှင့် စဉ်းတီတုံးကို မဆေးကြောဘဲ အသီးအနှံနှင့် အကျက်အစားအစာများအတွက် ပြန်မသုံးရန်လည်း လိုသည်။

လမ်းဘေးအစားအစာများအားလုံး မကောင်းဟု ဆိုလိုခြင်းမဟုတ်သော်လည်း အစားအစာကို ဖုံးအုပ်ထားခြင်း ရှိ၊ မရှိ၊ သန့်ရှင်းသောရေ အသုံးပြုထားခြင်း ရှိ၊ မရှိ၊ ယင်ကောင်နားခြင်း ရှိ၊ မရှိနှင့် အစားအစာကို အချိန်ကြာကြာ အပြင်တွင်ထားရှိခြင်း ရှိ၊ မရှိတို့ကို သတိပြုရွေးချယ်သင့်သည်။ အထူးသဖြင့် ဝမ်းလျှောရောဂါ ဖြစ်ပွားနေသည့်ဒေသနှင့် ရေကြီးရေလျှံမှုရှိသည့်ကာလများတွင် မသေချာသော အစားအစာထက် လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ထားသော ပူပူနွေးနွေး အစားအစာကို ရွေးချယ်ခြင်းက ပိုကောင်းသည်။

ယင်ကောင်များသည် မစင်နှင့် အမှိုက်ပုံများပေါ်တွင် နားပြီးနောက် အစားအစာပေါ်သို့ ပြန်နားခြင်းအားဖြင့် ရောဂါပိုးများကို သယ်ဆောင်ပေးနိုင်သည်။ ထို့ကြောင့် အစားအစာကို အမြဲဖုံးအုပ်ထားခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ အိမ်သာများကို သန့်ရှင်းစွာထားခြင်း၊ အညစ်အကြေးများ မစုဝေးစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ခြင်းတို့သည်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးတွင် အရေးကြီးသည်။

ကလေးငယ်များ၏ မစင်ကိုလည်း "ကလေးမစင်ဆိုတော့ မညစ်ပတ်လောက်ပါဘူး"ဟု မယူဆသင့်ပေ။ ကလေးမစင်တွင်လည်း ရောဂါပိုးများ ပါဝင်နိုင်သဖြင့် စနစ်တကျ စွန့်ပစ်ပြီးနောက် လက်ကို ဆပ်ပြာနှင့် ဆေးကြောရမည်။ ကလေးငယ်များတွင် ဝမ်းလျှောခြင်းသည် လူကြီးများထက် ပို၍ မြန်မြန်ဆန်ဆန် ရေဓာတ်ခန်းခြောက်စေနိုင်သဖြင့် ကာကွယ်ရေးကို ပိုမိုအလေးထားရသည်။ မွေးကင်းစနှင့် ကလေးငယ်များကို မိခင်နို့တိုက်ကျွေးခြင်း၊ ဖြည့်စွက် အစာကျွေးသည့်အခါ လက်၊ ခွက်၊ ဇွန်းနှင့် အစားအစာများကို သန့်ရှင်းစွာထားခြင်းတို့ လိုအပ်သည်။

ဝမ်းလျှောဖြစ်လာပြီဆိုလျှင် အဓိကစိုးရိမ်ရသည်မှာ ရေဓာတ်နှင့် ဓာတ်ဆားများ ဆုံးရှုံးခြင်းဖြစ်သည်။ ဝမ်းအကြိမ်များလာသည်နှင့်အမျှ ခန္ဓာကိုယ်မှ ရေနှင့် လိုအပ်သော ဓာတ်ဆားများ ဆုံးရှုံးလာသည်။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အားနည်းသူများတွင် ရေဓာတ်ခန်းခြောက်မှု (Dehydration) လျင်မြန်စွာ ဖြစ်ပေါ်နိုင်သည်။

ထို့ကြောင့် ဝမ်းလျှောလာပါက ORS (Oral Rehydration Solution - ပါးစပ်မှ သောက်သုံးသော ရေနှင့်ဓာတ်ဆား ပြန်လည်ဖြည့်တင်းရည်) ကို စောစီးစွာ တိုက်ကျွေးရန် အရေးကြီးသည်။ ORS အထုပ်ကို အထုပ်ပေါ်တွင် ဖော်ပြထားသည့် ရေပမာဏအတိုင်း အတိအကျဖျော်ရမည်။ "ပိုပြင်းလျှင် ပိုကောင်းမည်"ဟု ထင်ပြီး ရေနည်းနည်းဖြင့် ဖျော်ခြင်းမပြုသင့်သကဲ့သို့ မိမိသဘောဖြင့် သကြား၊ ဆားတို့ ထပ်မံထည့်ခြင်းလည်း မပြုသင့်ပေ။ တစ်ခါတည်း အများကြီးသောက်၍ အန်ပါက အနည်းငယ်စီ မကြာခဏ တိုက်ပေးနိုင်သည်။

ဝမ်းလျှောနေစဉ် အစာမစားဘဲ အစာဖြတ်ထားရမည်ဟူသော အယူအဆလည်း မမှန်ကန်ပေ။ စားနိုင်သလောက် သင့်တော်သော အစားအစာကို ဆက်လက်စားသုံးသင့်သည်။ နို့တိုက်ကလေးဖြစ်ပါက မိခင်နို့ကို ဆက်လက်တိုက်ကျွေးသင့်သည်။ ဝမ်းလျှောခြင်းကြောင့် ခန္ဓာကိုယ်သည် အားအင်နှင့် အာဟာရများ ဆုံးရှုံးနေပြီး အစာကိုပါ လုံးဝဖြတ်လိုက်ပါက အားနည်းမှုနှင့် အာဟာရချို့တဲ့မှု ပိုမိုဖြစ်လာနိုင်သည်။

ထို့အတူ ဝမ်းလျှောတိုင်း ပဋိဇီဝဆေး (Antibiotic - ဘက်တီးရီးယားပိုးသတ်ဆေး) သောက်ရန် မလိုအပ်ပါ။ ဝမ်းလျှောမှုအများစုတွင် ပဋိဇီဝဆေး မလိုအပ်နိုင်ဘဲ မိမိသဘောဖြင့် ဆေးဝယ်သောက်ခြင်းသည် ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်သကဲ့သို့ ပိုးသတ်ဆေးယဉ်ပါးမှု (Antimicrobial Resistance) ပြဿနာကိုလည်း ပိုမိုဆိုးရွားစေနိုင်သည်။ အထူးသဖြင့် ဝမ်းလျှောခြင်းကို ချက်ချင်းရပ်စေမည်ဆိုသော ဆေးများကို ကလေးများအား မိမိသဘောဖြင့် မတိုက်သင့်ပေ။ ဆေးဝါးလိုအပ်ခြင်း ရှိ၊ မရှိကို ကျန်းမာရေးဝန်ထမ်း(သို့မဟုတ်) ဆရာဝန်က အခြေအနေအလိုက် ဆုံးဖြတ်ပေးသင့်သည်။

ရေဓာတ်ခန်းခြောက်လာသောအခါ အလွန်ရေငတ်ခြင်း၊ ပါးစပ်နှင့်လျှာခြောက်ခြင်း၊ မျက်လုံးချိုင့်ဝင်ခြင်း၊ ဆီးနည်းလာခြင်း(သို့မဟုတ်)အချိန်ကြာကြာ ဆီးမသွားခြင်း၊ အလွန်အားနည်းခြင်း၊ ငိုက်မျဉ်းခြင်းတို့ ဖြစ်နိုင်သည်။ ကလေးငယ်တွင် နို့မစို့နိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ အလွန်ငိုက်နေခြင်းတို့သည် အရေးကြီးသော သတိပေးလက္ခဏာများ ဖြစ်သည်။

ဝမ်းလျှောခြင်းနှင့်အတူ ဝမ်းထဲသွေးပါခြင်း၊ အဖျားကြီးခြင်း၊ ဆက်တိုက်အန်နေ၍ အရည်မဝင်နိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ ဆီးအလွန်နည်းခြင်း၊ သတိလစ်ခြင်း၊ အလွန်အားနည်းခြင်း၊ ပြင်းထန်သောဗိုက်နာခြင်းတို့ ဖြစ်ပေါ်လာပါက အိမ်တွင်သာ ဆက်လက်စောင့်ကြည့်မနေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း(သို့မဟုတ်)ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်သင့်သည်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများတွင် ပိုမိုစောစီးစွာ ဆေးကုသမှုခံယူသင့်သည်။

ဒေသတစ်ခုတွင် လူအများ တစ်ချိန်တည်း ဝမ်းပျက်ဝမ်းလျှောဖြစ်လာခြင်း၊ ရေကဲ့သို့ ဝမ်းအလွန်များစွာသွားခြင်း၊ အန်ခြင်းနှင့်အတူ ရေဓာတ်လျင်မြန်စွာ ခန်းခြောက်လာခြင်းများ တွေ့ရှိရပါက သာမန် ဝမ်းလျှောဟု သဘောထားမနေသင့်ပေ။ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး အကြောင်းကြားပြီး ဆေးကုသမှုခံယူရန် လိုအပ်သည်။ ရောဂါဖြစ်ပွားမှုများသောကာလတွင် သတင်းမှားများနှင့် ကောလာဟလများထက် သက်ဆိုင်ရာ ကျန်းမာရေးဌာနများ၏ ထုတ်ပြန်ချက်နှင့် အကြံပြုချက်များကို လိုက်နာခြင်းက ပိုမိုသင့်လျော်သည်။

အထူးသဖြင့် ယခုလို မိုးရာသီနှင့် ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသည့်အချိန်တွင် မိသားစုတိုင်းသည် သောက်ရေ၊ အစားအစာနှင့် လက်သန့်ရှင်းရေးကို ပုံမှန်ထက် ပိုမိုဂရုစိုက်သင့်သည်။ အိမ်တွင် ORS အထုပ်အနည်းငယ် အသင့်ထားရှိခြင်းသည်လည်း အသုံးဝင်သည်။ ရေဘေးကယ်ဆယ်ရေး စခန်းများနှင့် လူအများစုဝေးနေထိုင်ရသည့် နေရာများတွင် သန့်ရှင်းသောသောက်ရေ၊ အိမ်သာနှင့် လက်ဆေးနိုင်သောနေရာများ လုံလောက်စွာ ရှိစေရန် အထူးအရေးကြီးသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရိုးရှင်းသော သန့်ရှင်းရေးနည်းလမ်းများဖြင့် အများအပြား ကာကွယ်နိုင်သည့်ရောဂါဖြစ်သည်။ ရေကို စိတ်ချရအောင် သန့်စင်၍ သောက်ပါ။ အစားအစာကို ကျက်အောင်ချက်၍ ပူပူနွေးနွေးစားပါ။ အစားမစားမီနှင့် အိမ်သာတက်ပြီးတိုင်း ဆပ်ပြာနှင့် လက်ဆေးပါ။ အစားအစာကို ယင်မနားစေရန် ဖုံးအုပ်ထားပါ။ မစင်နှင့်အမှိုက်ကို စနစ်တကျ စွန့်ပစ်ပါ။ ဝမ်းလျှောလာပါက ORS ဖြင့် ရေနှင့်ဓာတ်ဆားကို စောစီးစွာ ပြန်ဖြည့်ပါ။ အန္တရာယ်လက္ခဏာများ ရှိပါက ဆေးရုံ၊ ဆေးခန်းသို့ အမြန်သွားပါ။

မိုးရေကို တားဆီး၍မရသလို ရေကြီးရေလျှံမှုအားလုံးကိုလည်း လူတစ်ဦးချင်းက တားဆီးနိုင်မည် မဟုတ်ပေ။ သို့သော် ရေကြီးရေလျှံမှု နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါကိုတော့ မိမိတို့၏ နေ့စဉ်သတိထားမှုနှင့် သန့်ရှင်းရေး အလေ့အထများဖြင့် များစွာလျှော့ချနိုင်သည်။ မိမိတစ်ဦးတည်း သန့်ရှင်းရုံနှင့် မလုံလောက်ဘဲ မိသားစုမှ ရပ်ရွာအထိ အားလုံးပူးပေါင်းမှသာ ရောဂါပိုးကူးစက်သည့်လမ်းကြောင်းကို ထိထိရောက်ရောက် ဖြတ်တောက်နိုင်မည်ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါကို မပေါ့ဆကြပါနှင့်။ ဖြစ်လာမှကုသခြင်းထက် မဖြစ်မီကာကွယ်ခြင်းက ပိုမိုလွယ်ကူပြီး ပိုမိုထိရောက်သည်။ သန့်ရှင်းသောရေ၊ သန့်ရှင်းသော အစားအစာ၊ သန့်ရှင်းသောလက်နှင့် သန့်ရှင်းသော ပတ်ဝန်းကျင်တို့သည် မိမိနှင့်မိသားစုကို ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကာကွယ်ပေးနိုင်သည့် အကောင်းဆုံးသော အကာအကွယ်များပင် ဖြစ်ပါသည်။

မန္တလာ ဆရာမျိုး

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပန်းချီပြိုင်ပွဲ ကျင်းပ



**တောင်တွင်းကြီး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအတွက် ကျောင်းသား၊ ကျောင်းသူများဖြင့် ပန်းချီပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဝါစိမ်းနီ ပန်းချီအဖွဲ့မှ ဆရာဦးသူရကျော်က ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည်တိုးတက်စေရေး၊ အလှအပခံစားတတ်စေရန်၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန်၊ အဖျက်အဆီးစိတ်ဓာတ်နည်းပါးစေရန်နှင့် ပညာရေးတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၂၀ ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင် (ဗိသုနိုးမြေ)**

၀-၀-၀-၀-၀-၀-၀-၀

## မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းပြိုင်ပွဲများနှင့်ပြပွဲများ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့်ပြပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ "စာပေ၏အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာသည့် ကျောင်းသူလေးများက ပြန်လည်ဖတ်ကြားဆွေးနွေးခဲ့သည်။



အဆိုပါ ပြိုင်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၁၆ဦးက "စာဖတ်ခြင်း၏အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများကိုလည်း လာမည့်အပတ် တနင်္လာနေ့တွင် အဆိုပါကျောင်း၌ ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ယင်းနောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ပြီး မူးယစ်ဆေးဝါး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များလည်း လက်ဝယ်အရောက် ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

### မြို့တော်တစ်ခို သာစေလို ရေကိုမဖြုန်းနှင့် ။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### ထာဝရကုသိုလ်

* ချစ်ဖွယ် နှစ်လိုဖွယ်မိုး
ရွာသွန်းဖြိုးလေပြီ။

* မိုးရွာသောအခါ
ကမ္ဘာမြေမှာ
သစ်ပင်စိုက်ပါ။

* သစ်ပင်ဆိုတာ
ထာဝရကုသိုလ်။

* သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်းခို
ထာဝရကုသိုလ်။

* ထိုလူ ဤလူ သစ်ပင်ရိပ်ခို
ထာဝရကုသိုလ်။

* ဘုရားရင်ပြင်တော်ဝယ်
တရုတ်စံကားပင်မှာ
ထိုတစ်ပွင့် ဤတစ်ပွင့်ကြွေ
ငွေရောင်အဆင်းနဲ့
ကြိုင်သင်းမွှေးကြူ
ဘုရားအား လှူရ
ထာဝရကုသိုလ်။ ။

**မြတ်ထေရ်ကျော်**

## အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ချောက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီအချိန်က အ.မ.က ဗဟိုကွက်သစ်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ.မ.က ဗဟိုကွက်သစ်ကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းအိမ္မွန်က ကျောင်းသား၊ ကျောင်းသူလေးများ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်စေရန်နှင့်စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ စာဖတ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးရန် မသင့်သော အစားအစာများနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကိုလည်းကောင်း အသီးသီး ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ရေဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင် ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

ထို့နောက် အားလပ်ချိန်များတွင် အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ Mobile Library စနစ်ဖြင့် သုတ၊ ရသ စာအုပ်ပေါင်း ၇၀၀ ကို ပြသငှားရမ်းပေးခဲ့ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာငှားရမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိမ္မွန်(ပြန်/ဆက်)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၆)၊ ဦးပိုင်အမှတ်(၂၁+၂၂)၊ ဧရိယာ (၀ ဒသမ ၁၁၀၂ + ၀ ဒသမ ၁၁၀၂)ဧကရှိ ဦးထွန်းဦး၊ ဦးချစ်ကျော်၊ ဦးနိုင်ထွန်းလှိုင် အမည်ပေါက်ရှိသော ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရဲမွန်တာဝါလူနေတိုက်ခန်း(၉)ထပ် အဆောက်အဦး၏ (၄)လွှာ၊ အခန်းအမှတ်(၄၀၆)၊ စတုရန်းပေ(၁၀၃၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းဝတ်မှုန်(ခ)ထက်ထက်မိုးဦး (အဘ)ဦးလီကျိန်းရှန်(၁၃/ကလတ(နိုင်)၀၃၈၃၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇ / ၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၁)၊ ဦးပိုင်အမှတ်(၃၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်တင်တင်အေး(ဘ)ဦးလှမောင်(၉/မရမ(နိုင်)၀၅၄၄၃၄)ကိုင်ဆောင်သူအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (မြောက်ဘက်အစွန်ဆုံးအခြမ်းနှင့် ကပ်လျက်တောင်ဘက်ခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိသော ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်စိုးဟိန်း(ဘ)ဦးမြင့်အောင်(၅/ဘတလ(နိုင်)၁၀၂၂၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသက ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B ) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B ) ဦးဝေဖြိုးအောင် (LL.B )**
**အထက်တန်းရှေ့နေများ**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၉)၊ ဦးပိုင်အမှတ်(၇) မြေကွက်ပေါ်တွင် ဦးတင်နိုင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကတ(နိုင်)၀၆၀၂၇၅)က နံကပ်(၁)ထပ်ဖျက်မိန့် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၁)၊ ဦးပိုင်အမှတ်(၂-က)မြေကွက်ပေါ်တွင် ဒေါ်ရှောက်အယ်(ခ)မြင့်မြင့်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၆၃၅၅၈)က အုတ်တံတိုင်း ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၃)၊ ဦးပိုင်အမှတ်(၁၆)မြေကွက်ပေါ်တွင် ဒေါ်အေးမိစံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မဘန(နိုင်)၀၈၄၀၂၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၂)၊ ဦးပိုင်အမှတ်(၁-ဍ+၁-ည)ခဲစင်း မြေကွက်ပေါ်တွင် ဦးဆုမိကျူးမား(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကန(နိုင်)၁၈၃၂၉၉)က SS (၂)ထပ်+RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၂)၊ ဦးပိုင်အမှတ်(၁၃) မြေကွက်ပေါ်တွင် ဒေါ်ထိုက်ဧကရီစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၄/ပသန(နိုင်)၁၅၄၉၁၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၆)၊ ဦးပိုင်အမှတ်(၂၀) မြေကွက်ပေါ်တွင် ဦးကျော်ဆန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/မကန(နိုင်)၀၂၉၇၀၅)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်အမှတ်(၁၇) မြေကွက်သည် ဦးကျော်တင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သဇင်အောင်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧကရှိ ဒေါ်နှင်းပုလဲ အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းတစ်ဝက်(ပေ၂၀×၆၆ပေ)အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်း မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်မိုးလွင်(၁/ဗမန(နိုင်)၀၃၇၈၈၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်ဌေး (B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower ၊ မြေညီထပ်၊ ၆၄ဘီလမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြား၊**
**မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၅၀၅၅၁၊ ၀၉-၇၉၂၈၈၈၅၅၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်အမှတ်(၃၉) မြေကွက်သည် ဦးကိုကိုလတ် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်တင်တင်စန်းထံမှ ကျွန်ုပ်၏အမှုသည်များက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅)၊ ဦးပိုင်အမှတ်(၆၆-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမျိုးမင်းထွန်း(ဘ)ဦးကြည်ဟန်(၈/ခမန(နိုင်)၁၂၁၃၀၇) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးကောင်းသန့်ဇင်(ဘ)ဦးအေး** | **ဦးသစ္စာ (LL.B)** |
| **၉ /ပကခ(နိုင်)၀၁၄၅၂၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **မယ်တော်စုကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ၀၉-၂၅၉၀၂၇၃၃၀** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၄၀)၊ ဦးပိုင်အမှတ်(၃+၄)၊ ဧရိယာ (၁ ဒသမ ၈၂)ဧကအကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်ကြသော ဦးကျော်ထူး (ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ဦးသိန်းလွင် (ဘ)ဦးတိုးမောင်(၉/မလန(နိုင်)၀၇၉၅၄၇)နှင့် ၂။ဒေါ်နွယ်နွယ်ဝင်း (ဘ)ဦးအောင်ဆန်း(၉/မလန(နိုင်)၀၇၉၅၄၂) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၄၈÷W)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအောင်ဆန်းလင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးလွင် (ဘ)ဦးမြင့်ရွှေ(၅/စကန(နိုင်)၁၇၇၂၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်နံပါတ်(၈၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှဲ့လှဲ့ထွန်း (ဘ)ဦးထွန်းလှိုင်(၉/မနမ(နိုင်)၀၉၆၇၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၆)၊ ဦးပိုင်နံပါတ်(၁၀-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၀၉)ဧက အကျယ်အဝန်းရှိ ဦးမောင်ငယ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတိုင်ပင်ချို (ဘ)ဦးစိုင်းတုံမာ(၁၃/လရန(နိုင်)၁၈၂၀၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသာစန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၂)၊ ဦးပိုင်အမှတ်(၇၀-က)၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်တူး (ဘ)ဦးအေး(DI-၀၀၀၀၂၁) အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိန်ထွန်း (ဘ)ဦးအေးတော်(၉/နထက(နိုင်)၁၅၅၆၇၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B)      ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၂)၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ရွှေ အမည်ဖြင့်ချထားပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် ပေ(၂၀) အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်း ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ရွှေ၏သား၊ သမီးများဖြစ်သော (၁)ဒေါ်ငွေငွေမြင့် (ဘ)ဦးရွှေသောင်း(၉/မနတ(နိုင်)၀၆၂၂၈၂)၊ (၂)ဦးအောင်ထွန်း (ဘ)ဦးရွှေသောင်း(၉/မရမ(နိုင်)၀၁၆၃၈၅)၊ (၃)ဒေါ်တင့်တင့်လတ် (ဘ)ဦးရွှေသောင်း(၉/မနတ(နိုင်)၀၅၈၅၆၅)၊ (၄)ဦးကိုကိုမောင် (ဘ)ဦးရွှေသောင်း(၇/သကန(နိုင်)၀၈၄၃၃၇) ကိုင်ဆောင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B)      ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊**

**မီး**

**သတိပြု။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်နံပါတ်(၇၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးထွန်းထွန်းဇော် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မော်မော်ထွန်း (ဘ)ဦးထွန်းဦး(၉/ခမစ(နိုင်) ၀၅၈၀၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တောင်ပြုံးပွဲတော်ကာလအတွင်း သူရဲဈေး-တောင်ပြုံး မီးရထားခရီးစဉ်ပြေးဆွဲမည်



**မန္တလေး ဩဂုတ် ၁၃**

တောင်ပြုံးပွဲတော်ကာလအတွင်း အများပြည်သူဈေးသက်သာပြီး ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာအထိ ရထားခရီးစဉ်ကို ဩဂုတ် ၁၃ ရက်မှ စတင်ကာ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ အမှတ်(၃)တိုင်း(မန္တလေး)မှ သိရသည်။

မန္တလေး-မတ္တရာ မီးရထားလမ်းပိုင်းအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် နောက်ဆုံးပြေးဆွဲပေးခဲ့ပြီး မန္တလေး-သူရဲဈေး ရထားလမ်းပိုင်းတွင် လူစီးရထားပြေးဆွဲပေးခဲ့သော်လည်း ၂၀၂၂ ခုနှစ်၊ မေလမှ ဇူလိုင်လအထိ ခရီးသည်စီးနင်းမှုမရှိခြင်းကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၄ ရက်နေ့တွင် ၎င်းရထားအားဖျက်သိမ်းခဲ့ပြီး မန္တလေး- မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မေ ၁ ရက်မှ စတင်၍ လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို စီမံလုပ်ဆောင်လျက်ရှိရာ မန္တလေး-မတ္တရာလမ်းပိုင်းကို မပြေးဆွဲနိုင်သည့်ကာလအတွင်း အများပြည်သူခရီးသွားလာမှု အဆင်ပြေစေရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ သူရဲဈေးဘူတာမှ တောင်ပြုံးခရီးစဉ်ကို ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၁၃·၈·၂၀၂၆ ရက်နေ့မှ ၁·၉·၂၀၂၆ ရက် ပွဲတော်(၁၀)ရက်ကာလအတွင်း အများပြည်သူဈေးသက်သာပြီး ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်နေ့တွင် ကျင်းပသည့် မန္တလေးတိုင်းလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်က ပြောကြားခဲ့သည်။

သူရဲဈေး-တောင်ပြုံးရထားခရီးစဉ်ကို ပွဲတော် (၁၀)ရက်ကာလအတွင်း ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်နှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် နေ့စဉ် သူရဲဈေးဘူတာမှ မနက် ၇ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီခွဲတွင် တစ်ကြိမ်၊ စုစုပေါင်း အသွားအပြန်နှစ်ခေါက် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင် ၁၀၀၀ ကျပ်နှုန်း သတ်မှတ်ထားကြောင်း သွားလာရေးတိုင်း/တိုင်းအမှတ်(၃)(မန္တလေး)၊ တိုင်းမန်နေဂျာ ဦးအေးသိန်းက ပြောသည်။

"ကျွန်တော်တို့ပြေးဆွဲဖို့ လျာထားတာကတော့ ၁၃· ၈· ၂၀၂၆ ရက်နေ့ ကနေစပြီးတော့ ပြေးဆွဲပေးဖို့လျာထားပါတယ်ခင်ဗျာ၊ သူရဲဈေးဘူတာကနေ တောင်ပြုံးဘူတာအထိ လက်မှတ်တစ်စောင်ကိုတော့ ခရီးသည်တစ်ဦးလျှင် ၁၀၀၀ နှုန်းနဲ့သတ်မှတ်ထားပါတယ်။ သူရဲဈေးဘူတာကနေ မနက် ၇ နာရီက စထွက်ပြီးတော့ တောင်ပြုံးဘူတာကို နံနက် ၇ နာရီ ၄၅ မိနစ်မှာရောက်မှာဖြစ်ပါတယ်။ တောင်ပြုံးဘူတာကနေ မနက် ၉ နာရီပြန်ထွက်ပြီးတော့ သူရဲဈေးဘူတာကိုတော့ ၉ နာရီ ၄၅ မိနစ်မှာ ပြန်ရောက်မှာပါ။ နေ့ခင်းပိုင်း အချိန်တွေကတော့ မွန်းလွဲ ၁ နာရီခွဲမှာ သူရဲဈေးဘူတာကနေ ထွက်ခွာပြီးတော့ တောင်ပြုံး ဘူတာကိုတော့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှာ ပြန်ရောက်မှာဖြစ်ပါတယ်။ ညနေပိုင်းတောင်ပြုံးက နေပြီးတော့ ၄ နာရီ ၁၅ မိနစ်ကနေ ပြန်ထွက်ပြီးတော့ သူရဲဈေး ကိုတော့ ၅ နာရီပြန်ရောက်မှာပါ။ မနက်ခင်းအသွားအပြန်တစ်ခေါက်နဲ့ နေ့ခင်းပိုင်းအသွားအပြန်တစ်ခေါက်၊ တစ်နေ့ကိုနှစ်ခေါက်ပြေးဆွဲပေးမှာဖြစ်ပါတယ်။ တောင်ပြုံးနဲ့ သူရဲဈေးကြားမှာရှိတဲ့ သွားမယ့်ရထားကတော့ စက်ခေါင်းကြီးတစ်ခေါင်းပါပါမယ်။ ပြီးရင် တော့ ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်နှစ်တွဲနဲ့အားလုံး ရှစ်တွဲနဲ့သွားဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ ဒီလမ်းပိုင်းကို စပြီးတော့ပြေးဆွဲမယ်ဆိုတော့ ကြိုပြုပြင်ထားတယ်။ လုံခြုံရေးအရလဲစိတ်ချရတယ်။ ခရီးသည်တွေကလဲ ဒီပွဲတော်ကာလကိုအထူးသဖြင့် ဦးစားပေးတာဖြစ်တဲ့အတွက် ပွဲတော်ကာလပြီးသွားတဲ့နောက်ပိုင်းလည်း ခရီးသည်ရှိတယ်ဆိုရင်တော့ ဆက်ပြီးပြေးဆွဲပေးမယ့်အစီအစဉ်ရှိပါတယ်ခင်ဗျာ"ဟု ၎င်းက ပြောသည်။

မန္တလေး-မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြို့ဟောင်းဘူတာမှ မတ္တရာဘူတာအထိ ရထားလမ်းပိုင်းတစ်လျှောက် ပြုပြင်ရာတွင် လမ်းဘေးဝဲ/ယာချုံနွယ်များ၊ မြက်များရှင်းလင်းခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်း၊ လမ်းခင်းကျောက်ထည့်သွင်းခြင်း၊ လမ်းမြှောက်ပက်ကင်ရိုက်ခြင်းနှင့် လိုအပ်သည့်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၅)**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ကောလင်းဘဲလ်ကို ခန့်အပ်

**ရန်ကုန် ဩဂုတ်၁၃**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်သစ်အဖြစ် အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်ကို သုံးနှစ်စာချုပ်ဖြင့် တရားဝင်ခန့်အပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်သစ် ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ နည်းပြချုပ်သစ် Colin Bell(ကောလင်းဘဲလ်)၊ အမျိုးသမီးအသင်းလက်ရွေးစင် ကစားသမားများနှင့် သတင်းမီဒီယာများတက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က နည်းပြချုပ်သစ်ခန့်အပ်ရခြင်း၏ ရည်ရွယ်ချက်၊ ရှေ့ဆက်ဆောင်ရွက်မည့် လမ်းကြောင်းများနှင့် မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာချုပ်လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် နည်းပြချုပ်သစ် ကောလင်းဘဲလ်တို့သည် သုံးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။


ကောလင်းဘဲလ်သည် နည်းပြဘဝတွင် ကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ UEFA အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဖရန့်ဖတ်အသင်းကို ချန်ပီယံဆုရအောင်စွမ်းဆောင်ပေးခဲ့သည်။ ထို့ပြင် လက်ရွေးစင်အသင်းအနေဖြင့် အိုင်ယာလန်၊ တောင်ကိုရီးယား အမျိုးသမီးအသင်းများကို ကိုင်တွယ်ခဲ့ပြီး တရုတ် ယူ-၂၀ အမျိုးသမီးအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး အတွေ့အကြုံများစွာရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်သစ် ကောလင်းဘဲလ်သည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဂျပန်နိုင်ငံ၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0



# မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းဒေသများနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်း သော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး၊ ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံစစ်တွေမြို့၏ အနောက်- အနောက်မြောက်ဘက် ၃၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံကန်နင်းမြို့၏ အနောက်မြောက်ဘက် ငါးမိုင်ခန့် နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၁၀ သို့